**မိမိသဘောဆန္ဒအလျောက်နေရပ်သို့ပြန်ရန်တရားဝင်တောင်းဆိုသည့်ပုံစံ**

[ ]

| |
|---|
| အိုင်အိုအမ်ဝန်ထမ်း/ မိတ်ဖက်အဖွဲ့အစည်းများ<br><br>နေရပ်သို့ပြန်လည်ပို့ဆောင်ခြင်း(နှင့်ပြန်လည်ဝင်ဆန့်ပေါင်းစည်းခြင်း)ဆိုင်ရာ အိုင်အိုအမ်မှပေးသည့် အကူအညီကိုခံစားခွင့်ရသည့် မည်သူမဆိုသဘောတူလက်ခံကြောင်း လက်မှတ်ရေးထိုးခြင်းမပြုမီ ဤလျောက်ထားသည့်ပုံစံတွင် ပါဝင်သည့် အချက်အလက်အကြောင်းအရာများကို သဘောပေါက်နားလည်ရမည်ဖြစ်သည်။ ပုံစံတွင်ပါရှိသည့် အကြောင်းအရာများကို လျောက်ထားသူအားဖတ်ရှုစေခြင်း၊ သဘောတူလက်မှတ်ရေးထိုးခြင်းမပြုမီ ပုံစံတွင် ပါဝင်သည့် အချက်အလက်များနှင့် ၎င်း၏အဓိပ္ပာယ်ကို ရှင်းပြခြင်းတို့ကို ပြုလုပ်ရမည်။ |

အောက်ဖော်ပြပါသဘောတူစာချုပ်တွင် ကျွန်တော်/ကျွန်မ ( )သည် မိခင်နိုင်ငံ သို့မဟုတ် တရားဝင်အမြဲတမ်းနေထိုင်ခွင့်ရရှိထားပြီးဖြစ်သည့် တတိယနိုင်ငံ ( ) သို့ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (နောင်တွင် အိုင်အိုအမ် ဟုသုံးနှုန်းမည်)၏ အကူအညီဖြင့် ကျွန်ုပ်၏ ဆန္ဒအလျောက် ပြန်လိုကြောင်း သဘောတူလက်မှတ် ရေးထိုးပါသည်။

ကျွန်ုပ်လက်ခံရရှိမည့် အကူအညီအထောက်အပံ့နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ဆန္ဒအလျောက် နေရပ်ပြန်ခြင်း (နှင့် ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေး) လုပ်ငန်းစဉ်များအကြောင်းကို ကျွန်ုပ်အား ရှင်းလင်းအသိပေးထားပြီးဖြစ်ကြောင်း အတည်ပြုပါသည်။

ဤအစီအစဉ်မှ ပေးအပ်သည့် အကူအညီအထောက်အပံ့များသည် ခရီးတစ်ထောက်နိုင်ငံတွင်နေရန် မပါဝင်ကြောင်း ကျွန်ုပ်နားလည်ပါသည်။ ပြန်လည်ရောက်ရှိလာသည့်အခါ အာဏာပိုင်များ၏ စစ်ဆေး မေးမြန်းမှုနှင့် ကြုံတွေ့နိုင်ကြောင်းကို နားလည်ထားပါသည်။ ခရီးတစ်ထောက်ရောက်ရှိသည့်နိုင်ငံ သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရှိ လေဆိပ် သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များက ချမှတ်ထားသည့် စည်းမျဉ်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အိုင်အိုအမ်အနေဖြင့် ဝင်ရောက်စွက်ဖက်နိုင်သည့် အနေအထားတွင် မရှိကြောင်းကိုလည်း နားလည်ပါသည်။

အိုင်အိုအမ်၏အကူအညီကို ရယူထားသည့် ကျွန်ုပ်ကိုယ်တိုင် သို့မဟုတ် သက်ဆိုင်သည့် မည်သူမဆိုအပေါ် အိုင်အိုအမ်မှ လုပ်ဆောင်နိုင်သည့်ဘောင်ပြင်ပအခြေအနေများကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေကျရောက်လာသော မည်သည့်နစ်နာဆုံးရှုံးမှုကိုမဆို ကျွန်ုပ်ကိုယ်တိုင်အတွက်၊ ကျွန်ုပ်မှ ကိုယ်စားဆောင်ရွက်ပေးခွင့်ရှိသည့် မည်သူမဆိုအတွက်နှင့် သက်ဆိုင်ရာ အမွေစားအမွေခံနှင့် အမွေကိစ္စအတွက် အိုင်အိုအမ်အနေဖြင့်တာဝန်မရှိကြောင်း အသိအမှတ်ပြုပါသည်။

ကျွန်ုပ်အနေဖြင့် အိုင်အိုအမ်အား လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့်အတွက် အိုင်အိုအမ် ကိုယ်စားပြု မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို ကျွန်ုပ်၏ကိုယ်ရေးအချက်အလက်များနှင့် ကျွန်ုပ်နှင့်သက်ဆိုင်သော မိသားစုဝင်များ၏ ကိုယ်ရေးအချက်အလက်များ (ကလေး/မိသားစုဝင်များ၏အမည်- )

ကို အောက်ဖော်ပြပါရည်ရွယ်ချက်ဖြင့် ကောက်ယူခြင်း၊ အသုံးပြုခြင်း၊ ထုတ်ဖော်ပြောကြားခြင်း၊ ဖြန့်ဖြူးခြင်း တို့ကို သဘောတူလက်ခံပါသည်။

| ရည်ရွယ်ချက်(အချက်အလက် ကောက်ယူခြင်းမပြုမီ တိကျသေချာစွာသတ်မှတ်ခြင်း) | ဖော်ပြချက် | သဘောတူညီချက် | |
|---|---|---|---|
| | အချက်အလက် ကောက်ခံသူ/ တွေ့ဆုံ မေးမြန်းသူမှဖြည့်ရန် | သဘောတူ | သဘောမတူ |
| (က)ကာယကံရှင်၏ဆန္ဒအလျောက် နေရပ်ပြန်ခြင်းကိုအကူအညီပေးခြင်း (ပြန်လည်ဝင်ဆန့် ပေါင်းစည်းခြင်း) | မိမိသဘောဆန္ဒအရ မိခင်နိုင်ငံသို့ပြန်ရန် (နှင့် ပြန်လည်ပေါင်းစည်းရန်) အတွက် အထောက် အပံ့ပေးခြင်း | | |
| (ခ)ထပ်မံပေးအပ်သည့် အထောက် အပံ့များ | အိုင်အိုအမ်၏ အခြားစီမံကိန်းများမှအထောက် အပံ့များ ထပ်မံပေးအပ်ရန် ကောက်ယူရရှိထားသည့်အချက်အလက်များကို အသုံးပြုခြင်း | | |
| (ဂ) သုတေသနပြုလုပ်ခြင်း | သုတေသနပြုရန်ရည်ရွယ်ချက်ဖြင့် အချက် အလက်ကောက်ယူခြင်း[1] | | |
| (ဃ)အခြား | [တိကျစွာဖော်ပြပါ][2] | | |

ကျွန်ုပ်၏ကိုယ်ရေးအချက်အလက်များကို အထက်ဖော်ပြပါရည်ရွယ်ချက်များ ပြည့်မြောက်ရန် အောက်ဖော်ပြ အောက်ဖော်ပြပါအဖွဲ့အစည်းများ [၎င်းတို့၏အမည်များ ဥပမာ- အလှူရှင်၊ သက်ဆိုင်ရာအဖွဲ့အစည်း/ အစိုးရဌာန များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ သုတေသနအဖွဲ့အစည်းများအစရှိသည်တို့]အတွက် မကွယ်မဝှက် ထုတ်ဖော်ပြောကြားပါမည်ဟု သဘောတူပါသည်။ အိုင်အိုအမ်နှင့်ဆက်သွယ်၍ တောင်းဆိုမှုပြုလုပ်ကာ ကျွန်ုပ်၏ ကိုယ်ရေးအချက်အလက်များကို ကြည့်ရှုပြီး အတည်ပြုနိုင်ကြောင်း သိရှိနားလည်ပါသည်။

နေရပ်ပြန်ခြင်း (ပြန်လည်ဝင်ဆန့်ပေါင်းစည်းခြင်း) လုပ်ငန်းစဉ်ကာလအတွင်း ကျွန်ုပ်နှင့် အခြားပုဂ္ဂိုလ်များ၏ အကျိုးစီးပွားကို ထိခိုက်ခြင်းမရှိစေရန်အတွက် အိုင်အိုအမ်နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများကို ကျန်းမာ

[1] ဤရည်ရွယ်ချက်အား လုပ်ငန်းစီမံကိန်းစတင်ချိန်/ ပုံစံလက်မှတ်ရေးထိုးချိန်တွင် သတ်မှတ်ထားရန် လိုအပ်ပြီး ယင်းနောက်တွင် ပြောင်းလဲခြင်းမပြုလုပ်နိုင်ပါ။

[2] ဤအတန်းအား အသုံးမပြုပါက ပယ်ဖျက်သင့်ပါသည်။

ရေးနှင့် ပတ်သက်သည့်သတင်းအချက်အလက်အားလုံးကို မျှဝေထားပြီးဖြစ်ကြောင်း အတည်ပြုပါသည်။ နိုင်ငံမှ ထွက်ခွာခြင်းမပြုမီ သတင်းအချက်အလက် အပြောင်းအလဲရှိပါက အိုင်အိုအမ်နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများအား ချက်ချင်းသတင်းပေးအကြောင်းကြားပါမည်ဟု ကတိပြုပါသည်။

ကျွန်ုပ်ပေးသည့် သတင်းအချက်အလက်များသည့် ကျွန်ုပ်သိရှိထားသည့် အသိများအရ အတတ်နိုင်ဆုံး မှန်ကန်အောင်ဖြေဆိုထားကြောင်း အတည်ပြုပါသည်။ အကယ်၍ မှားယွင်းစွာထွက်ဆိုဖော်ပြပါက အိုင်အိုအမ်အနေဖြင့် မည်သည့်ထောက်ပံ့မှုကိုမျှ ပေးအပ်မည်မဟုတ်ကြောင်း နားလည်လက်ခံပါသည်။

| | |
|---|---|
| လျှောက်ထားသူ၏လက်မှတ် (သို့မဟုတ် တရားဝင်ကိုယ်စားလှယ်) | နေ့စွဲနှင့်နေရာ |
| စကားပြန်၏လက်မှတ် (အသုံးပြုပါက) | နေ့စွဲနှင့်နေရာ |
| အိုင်အိုအမ်ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားပြု အဖွဲ့အစည်း၏ လက်မှတ် | နေ့စွဲနှင့်နေရာ |